ASEAN-OSHNET

ASEAN OCCUPATIONAL SAFETY AND HEALTH NETWORK

# အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်

# ထူးခြားစွမ်းဆောင်ဆု ၂၀၂၅

## လျှောက်ထားမှုလုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များ

(ပါဝင်ယှဉ်ပြိုင်လိုသူမှ ဖြည့်စွက်၍လျှောက်ထားရန်)

**နိဒါန်း**

၁။ ASEAN-OSHNET Excellence Award သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း လုပ်ငန်းများ၏ ကောင်းမွန်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် ထူးခြားစွာ ဆောင်ရွက်ထားမှုကို အသိအမှတ်ပြုချီးမြှင့်ရန်အတွက် (၂) နှစ်တစ်ကြိမ် ပေးအပ်ခြင်းဖြစ်ပါသည်။

၂။ ဤဆုချီးမြှင့်ခြင်းသည် အဖွဲ့ဝင်နိုင်ငံများတွင် လုပ်ငန်းခွင်ထိခိုက်မှုနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရမှုများအား ကြိုတင်ကာကွယ်နိုင်သည့် အသိစိတ်ဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များအတွက် ရည်ရွယ်ပါသည်။

**ရည်ရွယ်ချက်**

၃။ ASEAN-OSHNET Excellence Award ချီးမြှင့်ရခြင်း ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အဖွဲ့ဝင်နိုင်ငံများတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ထူးခြားစွာ ဆောင်ရွက်ထားသည့် စက်ရုံ၊ အလုပ်ရုံများအား အသိအမှတ်ပြုရန်နှင့် ဆုချီးမြှင့်ရန်၊

( ခ ) အာဆီယံဒေသတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးပုံရိပ်ကို မြှင့်တင်ပေးရန်၊

( ဂ ) အာဆီယံဒေသတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လိုသည့်ဆန္ဒများ ဖြစ်ပေါ်လာစေရန်၊

(ဃ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရာ၌ ဒေသတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအပေါ် ကောင်းမွန်သည့်ပုံရိပ် တည်ဆောက်ပေးရန်၊

( င ) ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကောင်းမွန်သည့် အလေ့အထ ပုံစံအဖြစ် အာဆီယံဒေသတွင်း လုပ်ငန်းများအကြား ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးရန်။

**စံသတ်မှတ်ချက်**

၄။ လျှောက်ထားသူများအား အောက်ဖော်ပြပါ အထွေထွေနှင့် အပိုရမှတ် စံသတ်မှတ်ချက်ဖြင့် အကဲဖြတ်မည်ဖြစ်သည်။ သင့်တော်သည့် စက်ရုံ၊ အလုပ်ရုံများ ရွေးချယ်ရာတွင် နိုင်ငံအခြေအနေနှင့်ကိုက်ညီသည့် နောက်ဆက်တွဲ စံသတ်မှတ်ချက်များကို ကျင့်သုံးနိုင်သည်။

၅။ အထွေထွေစံသတ်မှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကောင်းမွန်ခိုင်မာသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်မှုအဖြစ် အောက်ပါတို့ကို ပူးတွဲတင်ပြနိုင်ခြင်း -

(၁) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်ဆိုင်သည့် အကျိုးရလဒ်များ၊ (ဥပမာ- လုပ်ငန်းခွင်ထိခိုက်မှု မဖြစ်ပွားသည့် အချိန်နာရီ၊ လွန်ခဲ့သော (၂) နှစ်အတွင်း လုပ်ငန်းခွင်ထိခိုက်သေဆုံးမှု ဖြစ်ပွားမှုမရှိခြင်း)

(၂) ကောင်းမွန်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အစီအစဉ် ရေးဆွဲဆောင်ရွက်ထားမှု၊

( ခ ) အလုပ်သမားရေးရာနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာဥပဒေများကို လိုက်နာမှု (ဥပမာ - လွန်ခဲ့သည့် (၂) နှစ်အတွင်း တရားစွဲဆိုခံရမှု မရှိခြင်း)၊

( ဂ ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအပေါ် တာဝန်ရှိသူများ၏ ကောင်းမွန်မှန်ကန်ပြီး ထိရောက်မှုရှိသည့် ဦးဆောင်မှုနှင့် အလုပ်သမားများ၏ ပူးပေါင်းပါဝင်မှု၊

(ဃ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအစီအစဉ်အား ရေရှည်တည်တံ့အောင် စီမံဆောင်ရွက်ထားမှု၊ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်သည့် စီမံချက်၊ တိုးတက်နိုင်မည့် အစီအစဉ်)

( င ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အစီအစဉ်သည် အခြားအဖွဲ့အစည်းများက အလွယ်တကူ လက်ခံကျင့်သုံးနိုင်သည့်အစီအစဉ် သို့မဟုတ် ပို၍အဆင့်မြှင့်တင် ဆောင်ရွက်နိုင်သည့်အစီအစဉ် ဖြစ်နိုင်မှု။

၆။ ဆုရွေးချယ်ရေးအတွက် နောက်ဆက်တွဲအပိုရမှတ်များနှင့်ပတ်သက်၍ အောက်ပါအချက်များကို အသုံးပြုနိုင်ပါသည်- **(၁-၁-၂၀၂၃ ရက်နေ့မှ ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ)**

(က) စက်ရုံ၊ အလုပ်ရုံ အပြည့်အဝ လည်ပတ်နိုင်မှု၊

( ခ ) အလုပ်ရပ်နားထားရန် အမိန့်ထုတ်ဆင့်ဆိုခံရမှု မရှိခြင်း၊

( ဂ ) အမြဲတမ်းမသန်စွမ်းမှု ဖြစ်ပွားစေသည့် လုပ်ငန်းခွင်ထိခိုက်မှု လုံးဝမရှိခြင်း၊

(ဃ) အဆိုပါ လုပ်ငန်းအမျိုးအစားအတွက် သတ်မှတ်ထားသည့် ထိခိုက်မှုနှုန်းထက် မပိုခြင်း၊

( င ) လုပ်ငန်းခွင်ထိခိုက်မှု အကြောင်းကြားခြင်းဆိုင်ရာ စည်းကမ်းချက်အပေါ် လိုက်နာရန် စီမံဆောင်ရွက်ထားရှိခြင်း၊

( စ ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ ချိုးဖောက်မှုကြောင့် ဒဏ်ငွေ (၂) ကြိမ်ထက်ပို၍ ပေးဆောင်ရမှုမရှိခြင်း၊

(ဆ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒများရှိခြင်း၊

( ဇ ) လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် ဖြစ်ပွားနိုင်သည့် အန္တရာယ်ကျရောက်မှု ဆန်းစစ်အကဲဖြတ်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်း၊ အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းအစီအစဉ်များရေးဆွဲချမှတ်ခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဈ) လုပ်ငန်းခွင်ထိခိုက်မှု ဖြစ်ပွားခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကြောင့် အလုပ်ပျက်ကွက်ရက်များ လျော့နည်းပပျောက်စေရေးအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များ အဆင့်မြှင့်တင်ခြင်း၊ ပုံမှန်စစ်ဆေးဆောင်ရွက်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ထိန်းချုပ်ကာကွယ်ခြင်း အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(ည) စက်ရုံ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒတွင် ပါဝင်သည့် ရည်မှန်းချက်များ ရရှိစေနိုင်သော လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲထူထောင်နိုင်ခြင်း၊

(ဋ) စက်ရုံ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒပါ ရည်မှန်းချက်များ ရရှိစေရေး အစည်းအဝေးများ ပုံမှန်ကျင်းပပြုလုပ်ခြင်း၊

(ဌ) လုပ်ငန်းခွင်ရှိ ရာထူးအလိုက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ဝတ္တရားများ သတ်မှတ်ထားခြင်း၊

(ဍ) အန္တရာယ်ရှိနိုင်သည့် လုပ်ငန်းအမျိုးအစားနှင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များ အပေါ်မူတည်၍ အလုပ်သမားများအတွက် သင့်တော်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများဆောင်ရွက်ပေးနိုင်ခြင်း၊

(ဎ) လုပ်ငန်းခွင်အတွင်းရှိ အလုပ်သမားများနှင့် လာရောက်သူများအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာသည့် လုပ်ငန်းခွင်ဖြစ်စေရေး စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဏ) အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တွေ့ရှိချက်၊ ဘေးမကင်းသည့် လုပ်ငန်းခွင်အခြေအနေများနှင့်ပတ်သက်၍ သတင်းပေးပို့ခြင်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် ယန္တရားတစ်ရပ် ထူထောင်ထားခြင်း၊

(တ) လုပ်ငန်းခွင်ရှိ စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများအားလုံးအတွက် စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းအစီအမံ ဆောင်ရွက်ထားခြင်း၊

(ထ) ရေးဆွဲချမှတ်ထားသည့် အစီအစဉ်နှင့်အညီ ကျွမ်းကျင်သူများက ဘေးအန္တရာယ်ကင်းရှင်းရေးစစ်ဆေးခြင်း ဆောင်ရွက်နိုင်ရန် စီစဉ်ထားမှု၊

(ဒ) သက်တောင့်သက်သာမရှိသော သို့မဟုတ် လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေ ကောင်းမွန်မှုမရှိသော လုပ်ငန်းခွင်များတွင် လုပ်ငန်းဆောင်ရွက်ရမှု မရှိစေရေး စီစဉ်ဆောင်ရွက်ထားမှု၊

( ဓ ) လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အလုပ်သမားတို့၏ စိတ်ကျေနပ်မှု ရှိစေရန် စီစဉ်ဆောင်ရွက်ထားမှု၊

( န ) လုပ်ငန်းခွင်အတွင်းအသုံးပြုသည့် ပစ္စည်းကိရိယာများအား ထိရောက်သည့် ပြုပြင်ထိန်းသိမ်းမှုစနစ် ချမှတ်ထားမှု၊

( ပ ) အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များအား စစ်ဆေးရေးဆောင်ရွက်ရာတွင် အသုံးပြုရန် လုပ်ငန်းစဉ်များ ချမှတ်ထားမှုနှင့် စာရွက်စာတမ်းများ စီစဉ်ထားမှု၊

( ဖ ) ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများအား စီမံခန့်ခွဲနိုင်ရေးအတွက် လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ထားမှု၊

( ဗ ) လုပ်ငန်းခွင်အတွင်း ဖြစ်ပွားနိုင်သည့် အရေးပေါ်အခြေအနေများကို ရှာဖွေဖော်ထုတ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်အကောင်အထည်ဖော်မှု၊

(ဘ) လုပ်ငန်းခွင်ထိခိုက်မှုများအား ဆန်းစစ်အကဲဖြတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းပြုစုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ချမှတ်အကောင်အထည်ဖော်မှု၊

( မ ) လုပ်ငန်းခွင်ထိခိုက်မှု ဖြစ်ပွားပြီးပါက အလားတူ လုပ်ငန်းခွင် ဘေးအန္တရာယ်များနှင့် ဘေးအန္တရာယ်ကျရောက်နိုင်မှုများအား ထိန်းချုပ်ကာကွယ်ရန်နှင့် အလုပ်သမားများ၏ ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှု လျော့နည်းစေရန် သင့်တော်လုံလောက်သည့် ပြုပြင်ဆောင်ရွက်ရေးစနစ် ရေးဆွဲဖော်ထုတ်ထားမှု။

**ASEAN-OSHNET Excellence Award လျှောက်ထားခြင်း**

၇။ ဝင်ရောက်ယှဉ်ပြိုင်မည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အလုပ်သမားဌာန သို့မဟုတ် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဌာနမှ ASEAN-OSHNET ဆုရွေးချယ်ရေးကော်မတီ ဖွဲ့စည်း၍ စိစစ်ရွေးချယ်မည်ဖြစ်သည်။

၈။ ဆုစိစစ်ရွေးချယ်နိုင်ရန်အတွက် လျှောက်လွှာပုံစံများကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ASEAN-OSHNET ဆုရွေးချယ်ရေးကော်မတီသို့ ပြန်လည်တင်ပြရမည် ဖြစ်သည်။

၉။ လျှောက်ထားလိုသော စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းရှင်များသည် လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါအချက်အလက်များနှင့်အတူ ASEAN-OSHNET ဆုရွေးချယ်ရေးကော်မတီသို့ ပေးပို့ရမည်-

(က) လုပ်ငန်းတည်ထောင်မှု၊ ဖွဲ့စည်းပုံ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအစီအစဉ်၊ ဆောင်ရွက်မှုအတွေ့အကြုံနှင့် အောင်မြင်မှုရလဒ်များ၊

( ခ ) တာဝန်ရှိသူများ၏ ဦးဆောင်မှုနှင့် အလုပ်သမားများ ပူးပေါင်းပါဝင်မှုတို့ ပါဝင်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအစီအစဉ်၊

( ဂ ) စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာန၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုစနစ်၊ မူဝါဒ၊ အသိအမှတ်ပြုလက်မှတ်၊ ရန်ပုံငွေအသုံးပြုမှု၊ လုပ်ငန်းအချိန်ဇယား၊ ဓါတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းများ၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအစီအစဉ် အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊

(ဃ) အန္တရာယ်အကဲဖြတ်ခြင်းကို ဆောင်ရွက်ထားရှိသည့် မှတ်တမ်းများ၊

( င ) လျှောက်လွှာတွင် ဖြည့်သွင်းထားသည့် အချက်အလက်များအပေါ် အထောက် အကူဖြစ်စေသည့် စာရွက်စာတမ်း၊ အထောက်အထားများ။

**ဆုရွေးချယ်မှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းအချိန်ဇယား**

| စဉ် | လုပ်ငန်းအမည် | အချိန် |
|---|---|---|
| ၁ | ဆုဝင်ရောက်ယှဉ်ပြိုင်မည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ လျှောက်လွှာများ ထုတ်ယူခြင်း၊ ပေးပို့ခြင်းနှင့် စိစစ်လက်ခံခြင်း၊ | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ |
| ၂ | ဆုဝင်ရောက်ယှဉ်ပြိုင်မည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား ပဏာမ ရွေးချယ်ခြင်းနှင့် ရွေးချယ်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကွင်းဆင်းစစ်ဆေးခြင်း၊ | ၂၀၂၅ ခုနှစ်၊ မတ်လနှင့် ဧပြီလ |
| ၃ | ကွင်းဆင်းစစ်ဆေးမှုရလဒ်များအပေါ် အခြေခံ၍ အပြီးသတ်ဆုရွေးချယ်ခြင်း၊ | ၂၀၂၅ ခုနှစ်၊ မေလ |
| ၄ | ဆုရွေးချယ်ခံရသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့်စပ်လျဉ်းသည့်အစီရင်ခံစာအကျဉ်းချုပ်အား အဆင့်မြင့်အလုပ်သမားအရာရှိကြီးများအစည်းအဝေး (SLOM) သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ | ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ |
| ၅ | ဆုရွေးချယ်ခြင်းခံရသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား အကြောင်းကြားခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း၊ | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ |
| ၆ | ASEAN-OSHNET ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပပြုလုပ်ခြင်း။ | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ သို့မဟုတ် နိုဝင်ဘာလ |

## အပိုင်း(၁)    စက်ရုံ/အလုပ်ရုံ/ အလုပ်ဌာန၏ ယေဘုယျ အချက်အလက်များ

| စက်ရုံ/အလုပ်ရုံ/ အလုပ်ဌာနဆိုင်ရာ အချက်အလက် | |
|---|---|
| စက်ရုံ/ အလုပ်ရုံ/ အလုပ်ဌာနအမည် (ဆုတံဆိပ်တွင် ဖော်ပြမည်ဖြစ်၍ ဖော်ပြလိုသည့် အမည်ကိုသာ သုံးစွဲရန်) | |
| တည်နေရာ | |
| ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ | |
| ဖုန်းနံပါတ် | (နိုင်ငံနှင့် နယ်မြေသင်္ကေတများ ဖော်ပြရန်) |
| ဖက်(စ်)နံပါတ် | (နိုင်ငံနှင့် နယ်မြေသင်္ကေတများ ဖော်ပြရန်) |
| အီးမေးလ်လိပ်စာ | |
| အလုပ်သမားအရေအတွက် (လုပ်ငန်းခွဲများအပါအဝင်) | ကုန်ထုတ်ကဏ္ဍ - ကျား (   )ဦး၊ မ (   )ဦး၊ ပေါင်း (   )ဦး<br>ရုံးဝန်ထမ်း - ကျား (   )ဦး၊ မ (   )ဦး၊ ပေါင်း (   )ဦး |
| လုပ်ငန်းအမျိုးအစား (ထုတ်ကုန်ပစ္စည်း (သို့) ဝန်ဆောင်မှုကို ဖော်ပြရန်) | |

| လုပ်ငန်းအမျိုးအစား (သင့်လျော်သည့် လုပ်ငန်းအမျိုးအစားကို ရွေးချယ်ပါ) | | | | | |
|---|---|---|---|---|---|
| ☐ | ဆောက်လုပ်ရေး | ☐ | သတ္တုနှင့်သက်ဆိုင်သော လုပ်ငန်း | ☐ | ကျန်းမာရေး ဝန်ဆောင်မှု |
| ☐ | သင်္ဘောတည်ဆောက်ရေးနှင့်ပြုပြင်ရေး | ☐ | ဟိုတယ်၊ အစားအသောက်နှင့်အဖျော်ယမကာလုပ်ငန်း | ☐ | နေရာ၊ ရှုခင်းထိန်းသိမ်းခြင်း လုပ်ငန်း |
| ☐ | ပို့ဆောင်ရေး | ☐ | တိရစ္ဆာန်ဆေးကုသရေး လုပ်ငန်း | ☐ | ကုန်ထုတ်လုပ်မှု လုပ်ငန်းများ (CMP) |
| ☐ | ကုန်ထုတ်လုပ်မှု လုပ်ငန်း (အခြား) | ☐ | ရေနှင့်ညစ်ညမ်းမှု စီမံခန့်ခွဲရေး | ☐ | အခြားလုပ်ငန်း |

| လျှောက်လွှာတင်သွင်းသူ၏ အချက်အလက်များ | | |
|---|---|---|
| အမည် | | |
| ရာထူးနှင့် ဌာန | | |
| မှတ်ပုံတင်အမှတ်/ နိုင်ငံကူး လက်မှတ်အမှတ် | | |
| ရုံးဖုန်းနံပါတ် | | Mobile ဖုန်းနံပါတ်- |
| အီးမေးလ်လိပ်စာ | | |

| ဆက်သွယ်ရမည့်သူ၏ အချက်အလက်များ | | |
|---|---|---|
| အမည် | | |
| ရာထူးနှင့် ဌာန | | |
| ရုံးဖုန်းနံပါတ် | | Mobile ဖုန်းနံပါတ်- |
| အီးမေးလ်လိပ်စာ | | |

## အပိုင်း (၂) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဆောင်ရွက်ချက်များ

လွန်ခဲ့သော (၂) နှစ်ကျော်က လူကြီးမင်း စက်ရုံ/ အလုပ်ရုံ/ အလုပ်ဌာန၏ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆောင်ရွက်ချက်များကို အောက်ပါဇယားတွင် ပြည့်စုံစွာဖော်ပြပါ။

**(၁-၁-၂၀၂၃) ရက်နေ့မှ (၃၁-၁၂-၂၀၂၄) ရက်နေ့အတွင်း**

| အထွေထွေအကဲဖြတ် စံသတ်မှတ်ချက်များ | | |
|---|---|---|
| ၁ (က) | **ခိုင်မာအားကောင်းသည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ဖြစ်ကြောင်း သက်သေပြနိုင်သည့် အထောက်အထားများ၊**<br>လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ကိစ္စရပ်များ နှင့်ပတ်သက်၍ ကောင်းမွန်သည့် ရလဒ်များ (ဥပမာ - လွန်ခဲ့သည့် ၂ နှစ်အတွင်း လုပ်ငန်း ခွင် ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှု ဖြစ်ပွားခြင်းမရှိသည့် နာရီအရေအတွက်) | |
| ( ခ ) | လုပ်ငန်းခွင် ထိခိုက်သေဆုံးမှု အရေအတွက် | |
| ( ဂ )* | အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အစီအစဉ် (အကျဉ်းချုပ်ဖော်ပြရန်) | |
| ၂ | အလုပ်သမားရေးရာဥပဒေနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေများအပေါ် လိုက်နာမှု (ဥပမာ - လွန်ခဲ့သည့် ၂ နှစ်အတွင်း တရားစွဲဆိုခံရမှု မရှိခြင်း) | |
| ၃* | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အစီအစဉ်တွင် တာဝန်ရှိသူများ၏ ဦးဆောင်မှုနှင့် အလုပ်သမား များ၏ ပူးပေါင်းပါဝင်မှု (အကျဉ်းချုပ်ဖော်ပြရန်) | |
| ၄* | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး လုပ်ငန်းစဉ်များအား ရေရှည်တည်တံ့စေရေး ဆောင်ရွက်ထားမှု (အကျဉ်းချုပ်ဖော်ပြရန်) | |
| ၅* | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အစီအစဉ်အား ကုမ္ပဏီ၏ လုပ်ငန်းခွင်တိုင်းတွင် ကျင့်သုံး ဆောင်ရွက်ရန် စီစဉ်ထားမှု (အကျဉ်းချုပ်ဖော်ပြရန်) | |

| အပိုရမှတ်အတွက် သတ်မှတ်ချက်များ | | | |
|---|---|---|---|
| ၆ | စက်ရုံအပြည့်အဝလည်ပတ်မှု | ☐ ရှိ | ☐ မရှိ |
| ၇ | စက်ရပ်နားရန်အမိန့် ထုတ်ဆင့်ခံရမှု (ရှိပါက ပူးတွဲဖော်ပြရန်) | ☐ ရှိ | ☐ မရှိ |
| ၈ | အမြဲတမ်း မသန်စွမ်းမှုဖြစ်စေသည့် လုပ်ငန်းခွင်ထိခိုက်မှု<br>(ရှိပါက ထိခိုက်သူအမည်၊ ဖြစ်ပွားပုံအကျဉ်း၊ ထိခိုက်မှုအမျိုးအစား တို့ကို ပူးတွဲဖော်ပြရန်) | ☐ ရှိ | ☐ မရှိ |
| ၉ | လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှုနှုန်း<br>$\frac{\text{ထိခိုက်ဒဏ်ရာရရှိမှုအရေအတွက်}}{\text{အလုပ်သမားအရေအတွက်}} \times ၁၀၀$ | ☐ ရှိ | ☐ မရှိ |
| ၁၀ | လုပ်ငန်းခွင်ထိခိုက်မှု ဖြစ်လုနီးနီး ဖြစ်ရပ်များနှင့် လုပ်ငန်းခွင် ထိခိုက်မှုများအား အလုပ်သမားများမှ ကုမ္ပဏီ၏တာဝန်ရှိသူများ ထံသို့ အသိပေးအကြောင်းကြားရန် ပျက်ကွက်မှုမရှိစေရေး စီမံ ဆောင်ရွက်ထားမှု | ☐ ရှိ | ☐ မရှိ |
| ၁၁ | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား ချိုးဖောက်မှုကြောင့် ဒဏ်ငွေချမှတ်ခံရမှု | ☐ ရှိ | ☐ မရှိ |
| ၁၂ | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒများအား တိကျစွာ ရေးဆွဲချမှတ်ထားမှုနှင့် မှတ်တမ်းထားရှိမှု (ရှိပါက ပူးတွဲဖော်ပြရန်) | ☐ ရှိ | ☐ မရှိ |
| ၁၃ | လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် ဖြစ်ပွားနိုင်သည့် အန္တရာယ်ကျ ရောက်မှုဆန်းစစ်အကဲဖြတ်ခြင်း (Risk Assessment)ကို အချိန် နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်း အစီအစဉ်များရေးဆွဲချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်မှု (ရှိပါက ဆောင်ရွက်ချက်(၁)စုံ ပူးတွဲဖော်ပြရန်) | ☐ ရှိ | ☐ မရှိ |
| ၁၄ | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ချက်များအား စောင့်ကြည့်ထိန်းချုပ်သည့်နည်းလမ်းများ ရေးဆွဲဖော်ထုတ်ထားမှု နှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု | ☐ ရှိ | ☐ မရှိ |
| ၁၅ | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲ မှုအစီအစဉ်ထူထောင်ထားမှုနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင် ရေးစီမံထားမှု | ☐ ရှိ | ☐ မရှိ |
| ၁၆ | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အစည်းအဝေး ပုံမှန်ကျင်းပနိုင်မှု (ဥပမာ – OSH ကော်မတီ အစည်းအဝေး) | ☐ ရှိ | ☐ မရှိ |

| အပိုရမှတ်အတွက် သတ်မှတ်ချက်များ | | | |
|---|---|---|---|
| ၁၇ | လုပ်ငန်းခွင်အတွင်း ရာထူးအဆင့်အလိုက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ဝတ္တရားများ သတ်မှတ်ထားမှု (OSH ကော်မတီဖွဲ့စည်းထားပါက ဖွဲ့စည်းမိန့် ပူးတွဲဖော်ပြရန်) | ☐ ရှိ | ☐ မရှိ |
| ၁၈ | အလုပ်သမားများအတွက် သင့်တော်လုံလောက်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်းများ စီစဉ်ဆောင်ရွက်ပေးမှု (ရှိပါက သင်တန်းအချက်အလက်များ၊ မှတ်တမ်းဓါတ်ပုံများ ပူးတွဲဖော်ပြရန်) | ☐ ရှိ | ☐ မရှိ |
| ၁၉ | လုပ်ငန်းခွင်ရှိ အလုပ်သမားများနှင့် လုပ်ငန်းခွင်သို့ လာရောက်သူများအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များအား ဖြန့်ဝေပေးသည့်အစီအစဉ် (ရှိပါက ဖြန့်ဝေရာတွင် အသုံးပြုသည့်မှတ်တမ်းများ ပူးတွဲဖော်ပြရန်) | ☐ ရှိ | ☐ မရှိ |
| ၂၀ | အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတွေ့ရှိချက်၊ ဘေးမကင်းသည့်လုပ်ငန်းခွင်အခြေအနေများနှင့်ပတ်သက်၍ သတင်းပေးပို့ခြင်းများကို လွတ်လပ်စွာ သတင်းပေးပို့နိုင်သည့်စနစ် ထားရှိကျင့်သုံးမှု၊ | ☐ ရှိ | ☐ မရှိ |
| ၂၁ (က) | လုပ်ငန်းခွင်ရှိ စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများအားလုံးအတွက် ထိရောက်သည့်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း အစီအစဉ် ဆောင်ရွက်ထားမှု၊ | ☐ ရှိ | ☐ မရှိ |
| ၂၁ (ခ) | ပြင်/ထိန်းဆောင်ရွက်သည့်ဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိအမြင်များရှိစေရေး လေ့ကျင့်ထားမှု၊ | ☐ ရှိ | ☐ မရှိ |
| ၂၂ | ကုမ္ပဏီမှ ကျွမ်းကျင်သူများက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ စစ်ဆေးခြင်းကို သတ်မှတ်ထားသည့် အချိန်ကာလအတိုင်း ပုံမှန်စစ်ဆေးဆောင်ရွက်မှု (ရှိပါက သတ်မှတ်ထားသည့် အချိန်ကာလနှင့် စစ်ဆေးခဲ့သည့် နမူနာပုံစံ ပူးတွဲဖော်ပြရန်) | ☐ ရှိ | ☐ မရှိ |
| ၂၃ | သက်တောင့်သက်သာမရှိသော သို့မဟုတ် လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေ ကောင်းမွန်မှုမရှိသော လုပ်ငန်းခွင်များတွင် လုပ်ငန်းဆောင်ရွက်ရမှု မရှိစေရေး စီစဉ်ဆောင်ရွက်ထားမှု၊ | ☐ ရှိ | ☐ မရှိ |
| ၂၄ (က) | လုပ်ငန်းများဆောင်ရွက်ရာတွင် အလုပ်သမားများ၏ စိတ်ကျေနပ်မှုရှိစေရန် စီစဉ်ဆောင်ရွက်ထားမှု | ☐ ရှိ | ☐ မရှိ |

| အပိုရမှတ်အတွက် သတ်မှတ်ချက်များ | | | |
|---|---|---|---|
| ၂၄ (ခ) | အလုပ်သမားများအတွက် သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးမှု | ☐ ရှိ | ☐ မရှိ |
| ၂၅ | လုပ်ငန်းခွင်တွင် အသုံးပြုသည့် ကိရိယာများအတွက် ပြုပြင်ထိန်းသိမ်းမည့်အစီအစဉ် ရေးဆွဲချမှတ်ထားမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု (ရှိပါက ဆောင်ရွက်မှုအခြေအနေ အကျဉ်းချုပ်မှတ်တမ်းများ ပူးတွဲဖော်ပြရန်) | ☐ ရှိ | ☐ မရှိ |
| ၂၆ (က) | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များအား စစ်ဆေးရေးဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ချမှတ်ထားမှု၊ စာရွက်စာတမ်းများ စီစဉ်ထားမှုနှင့် မှတ်တမ်းထိန်းသိမ်းထားမှု | ☐ ရှိ | ☐ မရှိ |
| ၂၆ (ခ) | လုပ်ငန်းခွင်ဆိုင်ရာရောဂါများ၊ အလုပ်နှင့်ဆက်စပ်သည့်နာမကျန်းမှုများဖြစ်စေသည့် ကိစ္စရပ်များအား စစ်ဆေးရေးဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ချမှတ်ထားမှု၊ စာရွက်စာတမ်းများ စီစဉ်ထားမှုနှင့် မှတ်တမ်းထိန်းသိမ်းထားမှု | ☐ ရှိ | ☐ မရှိ |
| ၂၇ (က) | လုပ်ငန်းခွင်တွင် အန္တရာယ်ရှိသည့်ပစ္စည်းများ (Hazardous materials) အသုံးပြုလုပ်ကိုင်မှု | ☐ ရှိ | ☐ မရှိ |
| ၂၇ (ခ) | ဓါတုပစ္စည်းများ အသုံးပြုလုပ်ကိုင်ပါက ဓါတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ် တားဆီးကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု (ရှိပါက လိုင်စင်မှတ်တမ်းများ ပူးတွဲဖော်ပြရန်) | ☐ ရှိ | ☐ မရှိ |
| ၂၈ (က) | လုပ်ငန်းခွင်အတွင်း မီးဘေးအန္တရာယ်အပါအဝင် အရေးပေါ်အခြေအနေများအား တုံ့ပြန်ဆောင်ရွက်ရေးအတွက် လုပ်ငန်းစဉ်နှင့်လုပ်ထုံး လုပ်နည်းများ ချမှတ်အကောင်အထည်ဖော်မှု | ☐ ရှိ | ☐ မရှိ |
| ၂၈ (ခ) | သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး ဆောင်ရွက်ထားမှု | ☐ ရှိ | ☐ မရှိ |
| ၂၉ | လုပ်ငန်းခွင်ထိခိုက်မှုများ၊ ဖြစ်လုနီးနီးဖြစ်ရပ်များအား မှတ်တမ်းရယူခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်းစသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်မှု | ☐ ရှိ | ☐ မရှိ |
| ၃၀ | လုပ်ငန်းခွင်ထိခိုက်မှု ဖြစ်လုနီးနီးဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်သည့်ဖြစ်ရပ်များအပေါ် ဆန်းစစ်အကဲဖြတ်ပြီး လုပ်ငန်းခွင် ဘေးအန္တရာယ် ကျရောက်နိုင်မှုများအား ထိန်းချုပ်ကာကွယ်ရန်နှင့် အလုပ်သမားများ၏ ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှု လျှော့နည်းစေရန် သင့်တော်လုံလောက်သည့် ပြုပြင်ဆောင်ရွက်ရေးစနစ် ရေးဆွဲဖော်ထုတ်ထားမှု | ☐ ရှိ | ☐ မရှိ |

| အပိုရမှတ်အတွက် သတ်မှတ်ချက်များ | | | |
|---|---|---|---|
| ၃၁ | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု | ☐ ရှိ | ☐ မရှိ |
| ၃၂ | OSH ကော်မတီဝင်/ OSH ဆောင်ရွက်သူများ၏ ဘာသာရပ်ဆိုင်ရာအသိအမြင် မြင့်တက်စေရေး ဆွေးနွေးပွဲ၊ သင်တန်းများ စေလွှတ်တက်ရောက်နိုင်မှု | ☐ ရှိ | ☐ မရှိ |

မှတ်ချက်။ **အထောက်အထားများ ပူးတွဲဖော်ပြပေးပါရန်။**

## အပိုင်း (၃) ကတိခံဝန်ချက်

ဤလျှောက်လွှာတွင် ဖော်ပြထားချက်များသည် ကျွန်ုပ်အနေဖြင့် မှန်ကန်စွာဖြည့်စွက်ရေးသားထားကြောင်း ဝန်ခံကတိပြုပါသည်။ မှားယွင်းဖော်ပြချက်များ ရှိပါက လျှောက်လွှာကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်းကို သိရှိပါသည်။

လက်မှတ်

လျှောက်လွှာဖြည့်သွင်းသူအမည် လုပ်ငန်းတံဆိပ် ရက်စွဲ၊

ရာထူး

## အပိုင်း (၄) အတည်ပြုခြင်း

**လျှောက်ထားသူမှ ဖြည့်စွက်ရန်**

အမည်

ရာထူးနှင့် ဌာန

မှတ်ပုံတင်အမှတ်

လုပ်ငန်းအမည်

လုပ်ငန်းတည်နေရာ

ဖုန်းနံပါတ်

ဖက်(စ်)နံပါတ်

**လုပ်ငန်း တံဆိပ်**

**လျှောက်လွှာစိစစ်လက်ခံရေးလုပ်ငန်းကော်မတီမှ ဖြည့်စွက်ရန်**

ဤအသိအမှတ်ပြုလွှာအား လျှောက်လွှာစိစစ်လက်ခံရေးလုပ်ငန်းကော်မတီမှ ဤလျှောက်လွှာပုံစံကို လက်ခံကြောင်း အတည်ပြုပါသည်။

လက်မှတ်

တာဝန်ခံအရာရှိအမည် ရုံးတံဆိပ် ရက်စွဲ၊

ရာထူး

## အပိုင်း(၅) အမည်စာရင်းတင်သွင်းခြင်း

**ဆုရွေးချယ်ရေးကော်မတီမှ ဖြည့်စွက်ရန်**

☐ မြန်မာနိုင်ငံ၏ အထူးစွမ်းဆောင်ဆုအတွက် အမည်စာရင်းပေးပို့ပါသည်။

☐ အမည်စာရင်း မပေးပို့ပါ။

လက်မှတ်

တာဝန်ခံအရာရှိအမည် ရုံးတံဆိပ် ရက်စွဲ၊

ရာထူး